ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 04554
Fax : 0086 10 65320408

## အသိပေးကြေညာချက်

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ၍ မဟာဘွဲ့၊ ပါရဂူဘွဲ့ စသည့် နှစ်ရှည်သင်တန်းများ တက်ရောက်လျက်ရှိကြသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သုံးလပတ် ပညာရည်တိုးတက်မှု အစီရင်ခံစာအား မိမိအစီအစဉ်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ Email ဖြင့် လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ **Email** ဖြစ်သည့် scholarship@ucsb.gov.mm သို့လည်း ပေးပို့သွားရေးအတွက် အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုထပ်မံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ မြန်မာပညာသင်များအနေဖြင့် သုံးလပတ်ပညာရည် တိုးတက်မှု အစီရင်ခံစာများ ပေးပို့ရာတွင် အချိန်ကာလသတ်မှတ်ချက် တစ်ပြေးညီဖြစ်စေရန်အတွက် မိမိတို့ပညာသင်ကြားသည့် တက္ကသိုလ်များသို့ မည်သည့်နေ့ရက်တွင် ရောက်ရှိသည်ဖြစ်စေ သုံးလပတ်ပညာရည်တိုးတက်မှု အစီရင်ခံစာအား ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ **Email** ဖြစ်သည့် scholarship@ucsb.gov.mm သို့ အောက်ဖော်ပြပါ နေ့ရက်များတွင် ပေးပို့နိုင်ရေး သိရှိလိုက်နာကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်-

(က) မတ်လ (၃၁)ရက်
(ခ) ဇွန်လ (၃၀) ရက်
(ဂ) စက်တင်ဘာလ (၃၀)ရက်
(ဃ) ဒီဇင်ဘာလ (၃၁)ရက်

မြန်မာသံရုံး၊ ပေကျင်းမြို့။

၂၀၂၁ ခုနှစ် နိုဝင်ဘာလ၃၀ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING